## (ခ) အာဂါသိကဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....မိမိတို့ နေမြဲကျောင်း၌ အတော်ကြာကြာ နေသော ရဟန်းသာမဏေကို "အာဂါသိက=ကျောင်းနေ ပုဂ္ဂိုလ်"ဟု ခေါ်သည်၊ ထိုအာဂါသိကပုဂ္ဂိုလ်သည်—

(၁) မိမိထက် ကြီးသော အာဂန္တုကပုဂ္ဂိုလ် လာသည်ကို မြင်လျှင် သုမှာပါသော သပိတ်သင်္ကန်းစသော အရာဝတ္ထုကို လှမ်း၍ ယူရသည်၊ နေရာခင်းပေးရသည်၊ ခြေဆေးလိုလျှင် ခြေဆေးပေးရသည်။

(၂) "သောက်ရေ အလိုရှိပါသလား"ဟု လျှောက်၍ အလိုရှိလျှင် ကိုယ်တိုင်သော်လည်း သောက်ရေ ကပ်ရသည်၊ သို့မဟုတ် တယောက်ယောက်ကိုသော်လည်း အကပ်ခိုင်းရသည်။

(၃) အာဂန္တုကရဟန်းက မိမိအောက် ငယ်လျှင် သပိတ်သင်္ကန်းထားဘို့ နေရာကို "မည်သည့်နေရာမှာ ထား" ဟု ညွှန်ပြရသည်၊ ထိုင်ဘို့ နေရာကို "မည်သည့်နေရာမှာ ထိုင်"ဟု ညွှန်ပြရသည်၊ ခြေဆေးလိုလျှင် ခြေဆေးဘို့ နေရာကို ညွှန်ပြရသည်၊ သောက်ရေ အလိုရှိလျှင် သောက်ရေထားသော နေရာကို ညွှန်ပြရသည်။

(၄) ထို့နောက် တည်းခိုဘို့နေရာနှင့် ဝစ္စကုဋိ ပဿာဝကုဋိ (ကျင်ကြီးအိမ် ကျင်ငယ်အိမ်) စသည်ကို ပြောပြရသည်။